ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်

## ညွှန်ကြားချက်အမှတ်(၁၀/၂၀၁၇)

အကြောင်းအရာ။ **ငွေကြေးလွယ်ကူမှုအချိုးတွက်ချက်သည့်ပုံစံအား ပြင်ဆင်သတ်မှတ်ခြင်း**

ရည် ညွှန်း ချက် ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ၇-၇-၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁၉/၂၀၁၇

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ ပုဒ်မ ၃၆ နှင့် ၁၈၄၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေပုဒ်မ ၄၉ နှင့် ၅၀ တို့အရ ရည်ညွှန်းချက်ပါ အမိန့်ကြော်ငြာစာဖြင့်ထုတ်ပြန်ခဲ့သည့် ငွေကြေးလွယ်ကူမှုအချိုး သတ်မှတ်ချက်ဆိုင်ရာစည်းမျဉ်း၏ နေ့စဉ်တွက်ချက်ရမည့် ငွေကြေးလွယ်ကူမှုအချိုးတွက်ချက်မှုပုံစံတွင်ပါရှိသည့် ငွေတိုက်စာချုပ်များနှင့် စပ်လျဉ်း၍ သက်တမ်းတစ်နှစ်ထက်ပို၍ ကျန်ရှိသောငွေတိုက်စာချုပ်များတန်ဖိုး၏ ၅၀% ကိုပါ ထည့်သွင်းတွက်ချက်ရန် ပြင်ဆင်သတ်မှတ်လိုက်သည်။ ပြင်ဆင်သတ်မှတ်သည့် နေ့စဉ်တွက်ချက်ရမည့် ငွေကြေးလွယ်ကူမှုအချိုးတွက်ချက်မှုပုံစံအား ဤညွှန်ကြားချက်ဖြင့် ပူးတွဲပေးပို့ပါသည်။

၂။ အထက်အပိုဒ်(၁)ပါ ပြင်ဆင်ချက်မှလွဲ၍ ငွေကြေးလွယ်ကူမှုအချိုးသတ်မှတ်ချက်ဆိုင်ရာစည်းမျဉ်းပါကျန်အချက်များသည် ယခင်အတိုင်းမပြောင်းလဲဘဲ ဆက်လက်တည်ရှိမည်ဖြစ်သည်။

၃။ သက်တမ်းတစ်နှစ်ထက်ပိုသော ငွေတိုက်စာချုပ်များကို ငွေကြေးလွယ်ကူမှုအချိုး တွက်ချက်မှုတွင် ပြင်ဆင်သတ်မှတ်ခြင်းအား ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့်အခါတိုင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ပြန်လည်သုံးသပ်၍ လိုအပ်ပါက ပြင်ဆင်သတ်မှတ်သွားမည်ဖြစ်သည်။

(ပုံ) xxxxxxxxx
ဥက္ကဋ္ဌ (ကိုယ်စား)
(စိုးသိန်း၊ ဒုတိယဥက္ကဋ္ဌ)

**ဖြန့်ဝေခြင်း**

ဘဏ်များအားလုံး

မိတ္တူကို
ရုံးလက်ခံ/မျှောစာတွဲ

| | | | | | | |
|---|---|---|---|---|---|---|
| Central Bank of Myanmar | | | | | | |
| **Weekly Liquidity Statement** | | | | | (MMK) | (000s) |
| | **A.** | **B.** | **C.** | **D.** | **E** | **F.** |
| **All currencies beside Kyat (B,C,D,E) must be converted to Kyat using CBM official exchange rate.** | **Kyat** | **USD** | **Euro** | **SGD** | **All Other Currency** | **Total** |
| **I. Liquid Assets:** | | | | | | |
| 1. Cash on Hand | | | | | | |
| 2. Current Accounts with CBM | | | | | | |
| 3. Other Claims on CBM | | | | | | |
| 4. Demand Deposits with Banks - Domestic | | | | | | |
| 5. Demand Deposits with Banks – foreign banks with acceptable credit ratings. | | | | | | |
| 6. Time Deposits with Banks | | | | | | |
| 7. Loans to Banks | | | | | | |
| 8. Loans to other Financial Institutions | | | | | | |
| 9. Treasury Bills | | | | | | |
| 10.Treasury Bonds<br>a. Treasury Bonds having a remaining maturity of one year or less<br>b. 50% of total value of Treasury Bonds having a remaining maturity of over one year | | | | | | |
| 11. Foreign Sovereign Securities issued by countries with acceptable credit rating, and having a remaining maturity of one year or less | | | | | | |
| 12. Discounted Bills having a maturity of three months or less | | | | | | |
| 13. Debit note receivables | | | | | | |
| 14. Inward Remittances | | | | | | |
| **II. Gross Liquid Assets (Sum of items I.1 through I.14)** | | | | | | |
| **III. Less Borrowings collateralized by items I.1- I.14** | | | | | | |
| **IV. Net Liquid Assets (Item II less Item III)** | | | | | | |
| **V. Volatile Liabilities** | | | | | | |
| 1. Demand Deposits of banks | | | | | | |
| 2. Time Deposits of banks having a maturity of one year or less | | | | | | |
| 3. Other Demand Deposits | | | | | | |
| 4. Savings Deposits | | | | | | |
| 5. Other Time Deposits having a maturity of one year or less | | | | | | |
| 6. Borrowing from Central Bank. | | | | | | |
| 7. Short Term Borrowings not collateralized by items I.1 through I.14 | | | | | | |
| 8. Outward Remittances | | | | | | |
| 9. Debit Notes Payable | | | | | | |
| 10. Accrued interest Payable on Deposits | | | | | | |
| 11. Off Balance sheet items:<br>a. Unfunded portion of approved lines of credit<br>b. Irrevocable Letters of Credit due to be funded within one year | | | | | | |
| **VI. Volatile Liabilities: (Sum of Items V.1 through V.11.b)** | | | | | | |
| **VII. Liquidity Ratio: Net Liquid Assets expressed as a percentage of Volatile Liabilities = IV/VI** | | | | | | |